# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 8 , 2023 Volume 66, Number 4

၈.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၅.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၃.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၀၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



https://www.commerce.gov.mm

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့၊ နေ့လယ် (၁၃:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အထူးစီးပွားရေးဇုန်တစ်ခုချင်းအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရမည့်အချက်များ၊ အထူးစီးပွားရေးဇုန်များ ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်အချက်များနှင့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ များကို ဆွေးနွေးမှာကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများကလည်း အထူးစီးပွားရေးဇုန်အလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြခဲ့ကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကို နေ့လယ် (၁၆:၀၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80% B1%E1%80%AC%

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရာသီဥတုဆိုးရွားခြင်းကြောင့် ရှမ်းပြည်နယ်တွင် လက်ဖက်အထွက်နှုန်း တစ်ဝက်ကျော်လျော့ကျပြီး လက်ဖက်စိုက်တောင်သူများ အခက်ကြုံတွေ့

ယခုနှစ် ရာသီဥတုဆိုးရွားခြင်းကြောင့် လက်ဖက်အထွက်နှုန်း တစ်ဝက်ကျော်လျော့ကျခြင်းကြောင့် လက်ဖက်စိုက်တောင်သူများ အခက်ကြုံတွေ့နေရကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း လက်ဖက်ရောင်းဝယ်ရေး ပွဲရုံများထံမှ သိရသည်။

ယခုနှစ်တွင် လက်ဖက် ဈေးကောင်းသော်လည်း၊ အထွက်နှုန်းမကောင်းသဖြင့် ခက်ခဲရကြောင်း၊ ရာသီဥတု ဆိုးရွားခြင်း၊ မိုးသီးကြွေခြင်းတို့ကြောင့် ၅၅ ရာခိုင်နှုန်းခန့် အထွက်နှုန်းလျော့ကျခြင်းရှိကြောင်း ကြားသိရသည်။ "အရင်နှစ်ကထက်စာရင် တစ်ဆ ဈေးပိုကောင်းလာတာပေါ့။ ရိုးရိုးလက်ဖက်ခြောက်ဆိုရင် ကိုးထောင်ကျပ်။ တစ်သောင်း၊ ဂရင်းတီးဆိုရင် တစ်သောင်းခွဲ၊ စက်လှော်ပေါ့။ ရှင်ငံက အကောင်းစား လက်ဖက်ခြောက်ပေါ့။ လောလောဆယ်တော့ နိုင်ငံတကာမှာ ရှင်ငံက အကောင်းဆုံး ပထမရတာပဲ၊ ရှမ်းတောင် ရှမ်းမြောက်ပါတယ် ရှင်ငံက အကောင်းဆုံးပေါ့။ အခု မိုးနည်းလို့ အထွက်နှုန်းကျတာပေါ့။ ရာသီဥတု ဖောက်ပြန်တာပေါ့။ ရှင်ငံဘက် မိုးသီးကြွေတာတော့မရှိဘူး။ လက်ဖက်ထွက်နှုန်းကျတာ အပူချိန်ကြောင့်ကျတာ၊ လက်ဖက်စိုက အကုန်လုံး လုပ်ကြတာ၊ လက်ဖက်စိုက လုပ်ဖို့လွယ်တယ်။ လက်ဖက်ခြောက်ကတော့ ကျွန်တော် တစ်ယောက်ထဲပဲလုပ်တာ" ဟု ရှင်ငံမြို့နယ် လက်ဖက်နှင့် ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးမောင်နုက ပြောကြားသည်။

နိုင်ငံတကာဈေးကွက်တွင် ရှင်ငံကော်ဖီကို အကြောင်းပြု၍ မြန်မာ့ကော်ဖီဈေးကွက် ဈေးကောင်းရလာခြင်းဖြစ်ကြောင်း၊ ရှင်ငံကို အကြောင်းပြု၍ ကမ္ဘာ့ဈေးကွက်အတွင်း ရောက်လာခြင်းဖြစ်ကြောင်း ဦးမောင်နုကဆိုသည်။ "နာမည်ရတာ လေးငါးနှစ်ရှိပြီပေါ့။ နာမည်ရပြီးမှ အဆင်ပြေလာတာပေါ့။ ဒီနှစ်တော့ အရမ်း ရောင်းကောင်းတယ်။ အော်ဂန်းနစ် သွားနေတာကိုး ။ အခုက ပင်ရင်းကနေ တိုက်ရိုက်ယူပြီး ရောင်းကြတာပေါ့။ ကိုယ့်နာမည်နဲ့ ရောင်းကြတာလည်းရှိတယ် အမျိုးမျိုးပေါ့။ အခုက ဧပြီလနဲ့ မေလကို ရွှေဖီကာလပေါ့။ တစ်နှစ်ကို အချိန် သိန်းကျော်မယ်ထင်တယ် မပြုစုရသေးဘူး။ ကော်ဖီကတော့ တစ်နှစ်ကို တန် ၉၀၀ လောက် ထွက်တယ် " ဟု ရှင်ငံမြို့နယ် လက်ဖက်နှင့်ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးမောင်နုက ဆိုသည်။

လက်ဖက်ဈေးကောင်းပေမဲ့ အထွက်မရသေးပါဘူး။ ရွက်စိမ်း2300/2400/2500 ။ ထိပ်စ 3800။ ထူးရှယ် 4500 လက်ကောက် 5500 လက်ကောက်က လိုသလောက်မရသေးပါ။ လက်ဖက်ချဉ်စပ် =6000 ။ Green tea = 15500။ ရွှေဖီအကျစ် =10000။ အိတ်ဆွဲဈေးသို့မဟုတ် အများဈေး ပါ"ဟု ပင်းတယမြို့မှ လက်ဖက်ရောင်းဆိုင်တစ်ဆိုင်က ဆိုသည်။

**Source:** https://news-eleven.com/article/247848

## ဗီယက်နမ်ကော်ဖီတင်ပို့မှု ဒေါ်လာ ၄ ဘီလီယံအထိရှိနိုင်

ဗီယက်နမ်ကော်ဖီ ဈေးကောင်းရပြီးဈေးနှုန်းများ မြင့်မားလျက်ရှိပြီး ယခုနှစ်တွင် ကော်ဖီတင်ပို့မှုမှ ဝင်ငွေ ကန်ဒေါ်လာ ၄ ဘီလီယံကျော်ရရှိမည်ဟု မျှော်မှန်းထားပါသည်။

Mercantile Exchange of Vietnam (MXV) ၏ အဆိုအရ Robusta သည် ICE Futures Europe တွင် ဧပြီလ ၂၄ ရက်နေ့တွင် တစ်တန်လျှင် ပျမ်းမျှ ကန်ဒေါ်လာ ၂,၅၆၄ အထိ မြင့်တက်ခဲ့သည်။ ယခုနှစ် နှစ်ဆန်းပိုင်းထက် ၄၀% မြင့်တက်သည်။ ကော်ဖီတင်ပို့သည့် အဓိကနိုင်ငံများတွင် ကော်ဖီအထွက်နည်းသဖြင့် ဈေးမြင့်တက်လာသည်။ ဗီယက်နမ်ကော်ဖီတင်ပို့မှုသည် ယခုနှစ်အစမှ ဧပြီလ ၁၅ ရက်နေ့အထိ တန်ချိန် ၆၃၄,၀၀၀ ကျော်ရှိကြောင်း ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။ ယမန်နှစ် အလားတူကာလတွင် တန်ချိန် ၆၆၃,၈၁၆ တင်ပို့ခဲ့သည်ထက် လျော့နည်းပါသည်။

ကမ္ဘာ့ကော်ဖီဈေးနှုန်းများ မြင့်မားနေသည့်အလျောက် ဗီယက်နမ်ပြည်တွင်းဈေးနှုန်းများလည်း မြင့်တက်သည်။ တစ်ကီလိုလျှင် ဗီယက်နမ် ဒေါင် ၅၂,၀၀၀ ဝန်းကျင်အထိ စံချိန်တင်မြင့်မားခဲ့ကြောင်း giacaphe.com က ဖော်ပြခဲ့သည်။ တင်ပို့မှုလျော့ကျနေမည်ဖြစ်သော်လည်း ဈေးအမြင့်ကို ရရှိနေမည်ဖြစ်သဖြင့် ယခုနှစ်တွင် ဗီယက်နမ်ကော်ဖီတင်ပို့မှုသည် ကန်ဒေါ်လာ ၄ ဘီလီယံကျော်ရရှိမည်ဟု မျှော်မှန်းထားပါသည်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6127-vietnam-s-coffee.html

## အာသံမှ ရေနံချက်စက်ရုံ မြန်မာနိုင်ငံတွင် စက်သုံးဆီ လက်လီအရောင်းဆိုင်များဖွင့်လှစ်ရန် စိတ်အားထက်သန်

အိန္ဒိယနိုင်ငံ အာသံပြည်နယ်ရှိ နိုင်ငံပိုင် Numaligarh Refinery Limited (NRL) သည် မြန်မာနိုင်ငံတွင် အခြေအနေကောင်းလာပါက စက်သုံးဆီလက်လီ အရောင်းဆိုင်များဖွင့်လှစ်ခြင်းဖြင့် အိမ်နီးချင်း မြန်မာနိုင်ငံဈေးကွက်သို့ဝင်ရောက်ရန် အစီအစဉ်ရေးဆွဲထားသည်။ "ကျွန်တော်တို့ အခုဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အလုပ်လုပ်နေပါတယ်။ မြန်မာနိုင်ငံကို ကျွန်တော်တို့ သတိပြုမိပြီး စဉ်းစားချင့်ချိန်နေတာ အချိန်အတော်ကြာပါပြီ။ အရင်တုန်းကတော့ နူမာလီဂါ Numaligarh ကနေ မိုးရေးကို တိုက်ရိုက်ကားလမ်းကတစ်ဆင့်တင်ပို့ခဲ့ပြီး ခရီးက အကြမ်းဖျင်းအားဖြင့် ၄၂၀ ကီလိုမီတာလောက်ရှိပါတယ်" ဟု NRL ၏ ဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး Bhaskar Jyoti Phukan က ပြောကြားသည်။

"အစိုးရအပြောင်းအလဲက အစီအစဉ်ကို နှောင့်နှေးစေခဲ့ပါတယ်။ အိန္ဒိယဘက်ခြမ်းရှိ မိုးရေးမြို့နှင့်နီးကပ်တဲ့ မြန်မာနိုင်ငံ ဧရိယာက စစ်ကိုင်းတိုင်းဒေသကြီးဖြစ်ပါတယ်။ အဲဒီဧရိယာက ရောင်းအားအလားအလာ မြင့်မားပါတယ်။ ဝန်ဆောင်မှုမပေးကြသေးတဲ့ ဧရိယာပါ။ လူဦးရေ ၄ သန်းဝန်းကျင် အဲဒီဧရိယာမှာ နေထိုင်ပါတယ်။ ကျွန်တော်တို့ အသေးစိတ်အစီအစဉ်ရေးဆွဲထားပါတယ်" ဟု Phukan က ပြောကြားသည်။

NRL သည် မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်သုံးဆီ လက်လီအရောင်းဆိုင်များဖွင့်လှစ်ရန် အစီအစဉ်ရေးဆွဲထားပြီးဖြစ်သော်လည်း အကောင်အထည်မဖော်ဖြစ်သေးကြောင်း ၎င်းကပြောကြားသည်။ မြန်မာနိုင်ငံဘက် ဧရိယာတွင် အတူပူးပေါင်းလုပ်ကိုင်ရန် မိတ်ဖက်ကိုလည်း ရွေးချယ်ထားပြီးပြီဟု သူကဆိုသည်။ သို့သော် နူမာလီဂါမှ မြန်မာနိုင်ငံသို့ သယ်ယူပို့ဆောင်ရေးစရိတ် အလွန်ကြီးမားသည်။

"လက်ရှိအခြေအနေကို ကျွန်တော်တို့ သိပ်စိတ်မချဘူး။ ဒါပေမဲ့ တဖြည်းဖြည်းချင်း အဆင်ပြေလာမှာပါ။ အဲဒီမှာ အာရှအမြန်လမ်းလာမယ်။ ဝန်ဆောင်မှုက ချို့တဲ့နေတယ်။ ဒီတော့ ဝန်ဆောင်မှုပေးဖို့ အလားအလာအရမ်းကောင်းပါတယ်။ ကျွန်တော်တို့ရဲ့ အစီအစဉ်တွေကို အခြေအနေပေးတာနဲ့ ချက်ချင်း အကောင်အထည်ဖော်မှာပါ" ဟု ၎င်းကပြောကြားသည်။ NRL သည် ရူပီး ၂၈,၀၀၀ ကုဋေ ရင်းနှီးမြှုပ်နှံပြီး တစ်နှစ်တာ ထုတ်လုပ်နိုင်စွမ်းကို မက်ထရစ်တန် ၃ သန်းမှ ၉ သန်းသို့ တိုးမြှင့်နေသည်။ မြန်မာနိုင်ငံတွင် တရုတ်တို့၏ရင်းနှီးမြှုပ်နှံမှုများ များလာနေသည်ဟု NRL အကြီးတန်းအရာရှိတဦးက ပြောကြားသည်။

"သူတို့က မန္တလေးကနေရန်ကုန်ကို ထုတ်ကုန်ပစ္စည်းတွေ သယ်ကြတယ်။ တရုတ်က မြန်မာနိုင်ငံမှာ ဆီတင်ယာဉ်တွေ ထူထောင်ထားတယ်"ဟု ၎င်းကပြောကြားသည်။ NRL က ရေနံနှင့်သဘာဝဓာတ်ငွေ့ကြွယ်ဝသည့် အာသံပြည်နယ်တွင် ရေနံချက်စက်ရုံ ၄ ခုရှိသည့်အနက် တစ်ရုံကို နူမာလီဂါတွင် ထူထောင်ထားသည်။ ၎င်းစက်ရုံမှထုတ်ကုန်များကို မြန်မာနိုင်ငံတွင် လက်လီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချရန် အစီအစဉ်ရေးဆွဲထားခြင်းဖြစ်သည်။

**Source:https://www.industrialdirectory.com.mm**

https://myantrade.gov.mm/article/Naypyitaw_05052023_132

## ပဲကြီးသီးနှံအတက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်များတွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျက်ရှိရာ သင်္ကြန်ရက် နောက်ပိုင်းတွင် ပဲကြီးဈေးများတက်လာကြောင်း သိရှိရပါသည်။ တရုတ်ဖက်မှ အဝယ်ရှိနေတဲ့အတွက် ပဲကြီးလက်ကျန် နည်းသွားသော်လည်း ပဲကြီးအရောင်းအဝယ်သွက်နေကာ ဈေးကောင်းရနေကြောင်းလည်း သိရှိရပါသည်။ တရုတ်မှဝယ်လိုအားကောင်းသလို ပဲကြော်ဖိုလုပ်ငန်းရှင်များမှလည်း ပြည်တွင်းစားသုံးမှုအတွက် ဝယ်ယူနေခြင်းကြောင့်လည်း ဈေးကောင်းနေကြောင်း သိရှိရပါသည်။ ပဲကြီးသီးနှံသည် ပြည်တွင်းစားသုံးမှုများသည့် သီးနှံလည်းဖြစ်ပါသည်။

ယခုအချိန် ပဲကြီးသည် တောင်သူလက်ထဲတွင် အနည်းငယ်သာရှိပြီး လှောင်လက်များမှ ထုတ်ရောင်းနေသည့်အချိန်ဖြစ်သည့်အတွက် ပဲကြီးလှောင်သည့် လုပ်ငန်းရှင်များအနေဖြင့် တွက်ခြေကိုက်သည့်နှစ်ဖြစ်သည်ကို သိရှိရပါသည်။ သင်္ကြန်မတိုင်မီတွင် ပဲကြီး(၂၀)ပိဿာ တစ်တင်းလျှင် (၈၅၀၀၀)ကျပ်သာ ဈေးရရှိခဲ့သော်လည်း သင်္ကြန်ရက်နောက်ပိုင်းတွင် ပဲကြီး

(၂၀)ပိဿာတစ်တင်းလျှင် (၉၅၀၀၀)ကျပ်အထိ ဈေးရရှိနေတဲ့အတွက် ပဲကြီး(၂၀)ပိဿာ တစ်တင်းလျှင် (၁၀၀၀၀၀)ကျပ် ဈေးတက်ကာ တစ်နေ့လျှင် အိတ်(၁၀၀)မှ(၂၀၀)အတွင်း အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်သည်တစ်ဦးထံမှ သိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## တရုတ်နိုင်ငံသည် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး လှုပ်ရှားမှုကိုစတင်ခဲ့

တရုတ်အာဏာပိုင်များသည် အဓိကဆိပ်ကမ်းများတွင် စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေရန်နှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ၂၀၂၃ ခုနှစ်အတွက် အထူးလှုပ်ရှားမှုတစ်ရပ်ကို စတင်လုပ်ဆောင်ခဲ့ကြောင်း ရှင်းဟွာသတင်းဌာန ရေးသားဖော်ပြထားပါသည်။

အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့အပါအဝင် အစိုးရအေဂျင်စီ(၆)ခုမှ စတင်လုပ်ဆောင်သည့် အဆိုပါလှုပ်ရှားမှုသည် ပေကျင်း၊ တီယန်ကျင်း၊ ရှန်ဟိုင်းနှင့်ချုံချင့်အပါအဝင် ပြည်နယ်အဆင့်ဒေသကြီး (၁၂)ခုရှိ မြို့ (၁၇)မြို့တွင် ငါးလခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ခေတ်မီဆိပ်ကမ်းများဆောက်လုပ်ခြင်းနှင့် ဆိပ်ကမ်းလုပ်ငန်းများ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများ အဆင့်မြှင့်တင်မှုနှင့် ထွန်းသစ်စလုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပံ့ပိုးပေးနိုင်ရန်အတွက် အစီအမံများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

နယ်စပ်ဖြတ်ကျော်အကောက်ခွန်ရှင်းလင်းမှုအတွက် ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးကွင်းဆက်များ လုံခြုံချောမွေ့စွာလည်ပတ်နိုင်စေရန်၊ ပို့ကုန်သွင်းကုန်လုပ်ငန်း ဆောင်ရွက်မှုများကို စံချိန်စံညွှန်းသတ်မှတ်ပြီး ကုန်ကျစရိတ်များ လျှော့ချရန်နှင့် နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်းများအကြား အမြတ်အစွန်းနှင့် ကျေနပ်အားရမှုတို့ကို မြှင့်တင်ရန်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံသည် မြို့ကြီး (၁၀)မြို့တွင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် အထူးလှုပ်ရှားမှုတစ်ရပ်ကို စတင်ခဲ့ကြောင်း၊ အဆိုပါလှုပ်ရှားမှုတွင် စတင်လုပ်ဆောင်ခဲ့သော ပြုပြင်ပြောင်းလဲရေးနှင့် ဆန်းသစ်တီထွင်မှု အစီအမံ (၁၀) ခုစလုံးကို ကောင်းမွန်စွာ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သကဲ့သို့ ဒေသဆိုင်ရာ အကောက်ခွန်အာဏာပိုင်များမှ ထုတ်ပြန်ခဲ့သည့် မူဝါဒ (၅၀၁) သည်လည်း ရလဒ်ကောင်းများရရှိခဲ့ကြောင်း သိရှိရပါသည်။

**စီးပွားရေးသံမှူး၊ နန်နင်းမြို့**

**Source:**www.english.news.cn/20230429/2173dd1de7344cc4b12adc6f2e5ed986/c.html

https://myantrade.gov.mm/article/Naypyitawstp_050520230230

## အိန္ဒိယနဲ့တရုတ်အဝယ်ကြောင့် ပဲနှမ်းဈေးကောင်းနေ




အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံရဲ့ ဝယ်လိုအားကြောင့် ပြည်တွင်းပဲနှမ်းတွေ ဈေးကောင်းရနေတယ်လို့ မန္တလေးပဲနှမ်းဈေးကွက်မှ သိရပါတယ်။

"ပြီးခဲ့တဲ့နှစ်ထက်စာရင် အိန္ဒိယပို့ကုန်ပဲတွေဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မြေထောက်ပဲနဲ့ ကုလားပဲတွေက ဈေးကောင်းနေတယ်။ အိန္ဒိယရဲ့လိုအပ်ချက်အပြင် ဒီနှစ်မှာ ဖောက်သည်နိုင်ငံတွေရဲ့ ဝယ်ယူမှုကလည်း များလာတယ်။ ပြီးတော့ နှမ်းဆိုရင်လည်း တရုတ်ဘက်က အဝယ်လိုက်နေတယ်။ လက်ကျန်နှမ်းကလည်း ရှားပြီးတော့ ဈေးကွက်လိုအပ်ချက်မြင့်နေတော့ အရည်အသွေးကောင်းရင် ကောင်းသလို ဈေးကောင်းရပါတယ်" လို့ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။

လက်ရှိ မန္တလေးဈေးကွက်မှာဆိုရင် အိန္ဒိယဈေးကွက်ဝင် ပဲအမျိုးအစားတွေဖြစ်တဲ့ မတ်ပဲသုံးတင်းဝင်တစ်အိတ်ကို ၂၁၅၀၀၀ ကျပ် ၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်ကို ၂၃၅၀၀၀ ကျပ်၊ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်ကို ၂၀၀၀၀၀ ကျပ်၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်ကို ၂၉၅၀၀၀ ကျပ်၊ ကုလားပဲ သုံးတင်းဝင်တစ်အိတ်ကို ၂၁၅၀၀၀ ကျပ် ရှိတယ်လို့

သိရပါတယ်။ ပြီးခဲ့တဲ့နှစ်ကာလတူက မတ်ပဲ တစ်အိတ် ငွေကျပ် ၁၅၀၀၀၀၊ ပဲစင်းငုံ တစ်အိတ်ကို ၁၃၅၀၀၀ ကျပ်၊ ပဲတီစိမ်း တစ်အိတ်ကို ၁၂၀၀၀၀ ကျပ်၊ မြေထောက်ပဲ တစ်အိတ်ကို ၁၄၅၀၀၀ ကျပ်၊ ကုလားပဲ တစ်အိတ်ကို ၁၃၅၀၀၀ ကျပ်ဖြစ်ခဲ့ပြီး မတ်ပဲ ၆၅၀၀၀ ကျပ်၊ ပဲစင်းငုံ ၁၀၀၀၀၀ ကျပ်၊ ပဲတီစိမ်း ၈၀၀၀၀ ကျပ်၊ မြေထောက်ပဲ ၁၅၀၀၀၀ ကျပ်၊ ကုလားပဲ ၈၀၀၀၀ ကျပ်စီ ဈေးနှုန်း မြင့်တက်လာခဲ့တာဖြစ်ပါတယ်။

နှမ်းဈေးဟာဆိုရင်လည်း မြန်မာ-တရုတ်နယ်စပ်ဂိတ်တွေ ပြန်လည်ဖွင့်လှစ်လိုက်ပြီးနောက် တရုတ်နိုင်ငံဘက်က ဝယ်လိုအားတွေကြောင့် ဈေးနှုန်းမြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။ လက်ရှိ ဈေးကွက်ထဲ နှမ်းဝင်ရောက်မှုဟာဆိုရင်လည်း ယခင်က တစ်ရက်ကို ပျမ်းမျှကား ၁၀ စီးလောက်ဝင်ရာကနေ တစ်ဝက်လောက်တောင်အဝင်မရှိတော့ဘူးလို့ ရန်ကုန် ဘုရင့်နောင်ပွဲရုံက ပိုင်ရှင်တစ်ဦးကပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က ၄၅ ပိဿာဝင် နှမ်းတစ်အိတ်ကို ငွေကျပ် တစ်သိန်းခွဲဝန်းကျင်ရှိရာမှ လက်ရှိ ကျပ် သုံးသိန်းဝန်းကျင်ထိ ဈေးနှုန်းတွေ ဆက်လက်မြင့်တက်လာနေတာလို့ သိရပါတယ်။

**ဤသတင်းကို MyanmaPlatform မှကူးယူဖော်ပြပါသည်။**

[https://t.me/htwettoe](https://t.me/htwettoe)

## သကြ်န်ရက်နောက်ပိုင်း ကြက်သွန်နီဈေး တစ်ရိပ်ရိပ်တက်

မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူ ဆိပ်ဖြူ ရေနံချောင်းနှင့် မင်းဘူးမြို့နယ်တို့တွင် ကြက်သွန်နီကို အများဆုံး စိုက်ပျိုးကြရာ အရည်အသွေးကောင်း ကြက်သွန်နီများ စိုက်ပျိုးထွက်ရှိရာ နေရာလည်းဖြစ်ပါသည်။

ယခုအချိန်သည် ဆောင်းကြက်သွန်နီ(အပင်စိုက်)များ လှိုင်လှိုင်ပေါ်ထွက်နေချိန် ဈေးကွက်ထဲသို့ အလုံးအရင်း ဝင်ရောက်လာကာ လှောင်လက်သမားများ ဝယ်လိုအားကောင်းနေတဲ့အတွက် ဈေးနှုန်းတစ်ရိပ်ရိပ်တက်နေကြောင်း သိရှိရပါသည်။ ကြက်သွန်နီသည် စားဖိုဆောင်သုံး သီးနှံဖြစ်သည်နှင့်အညီ အိမ်ရှင်မများအတွက် မရှိမဖြစ်လိုအပ်သည့် သီးနှံလည်းဖြစ်ပါသည်။ ဆောင်းကြက်သွန်နီသည် ကြာရှည်အထားခံသည့်အတွက် အိမ်ရှင်မများ အကြိုက်တွေ့စေသည့်အပြင် သိုလှောင်သည့်လုပ်ငန်းရှင်များအတွက်လည်း အဆင်ပြေစေမည်ဖြစ်ပါသည်။ သကြ်န်မတိုင်မီရက်များတွင် ကြက်သွန်နီ (၁)ပိသာလျှင် (၉၀၀/၁၀၀၀)ကျပ်ဈေးသာရှိသော်လည်း သကြ်န်ရက်နောက်ပိုင်းတွင် ကြက်သွန်နီ(၁)ပိသာလျှင် (၁၅၀၀)ကျပ် ဈေးအထိ ဈေးကောင်းရကာ (၁)ပိသာလျှင် (၅၀၀)ကျပ်အထိ တစ်ရိပ်ရိပ်တက်လာနေကြောင်းနှင့် တစ်ပတ်အတွင်း အဝင် ပိသာချိန် (၅၂၃၀၀၀)ပိသာအထိ ဈေးကွက်ထဲသို့ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်နေကြောင်းသိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## STOCK EXCHANGE (8.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th May. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,921 (Shares) | 10,843,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +100 | +1.23% | 8,200 | 8,200 | 8,200 | 422 | 3,460,400 | 33,109,694 | 271,500 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 1,122 | 3,197,700 | 38,929,150 | 110,948 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 5 | 35,000 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,500 | 1,500 | 1,450 | 1,844 | 2,763,000 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 500 | 1,250,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 19,977,223 | 50,942 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 28 | 137,200 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 8th May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.07 | +1.04 | +0.29% | 358.03 | 359.91 | 358.03 | 3,921 | 10,843,300 | 7 | 632,707 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 8th May, 2023

| Trading Volume | Trading Value |
|---|---|
| 3,921 (Shares) | 10,843,300 (MMK) |

### Main Board

As of 1:00 pm, 8th May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,921 (Shares) | 10,843,300 (MMK) |

| MYANPIX | 359.07 ▲ 1.04 |
|---|---|
| Total Volume (shares) | 3,921 |
| Total Value (MMK) | 11 mil |
| Listed Company | 7 |
| Market Cap. (MMK) | 632,707 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 100 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,450 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |